## ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်ပေးအပ်ရန်အတွက် လျှောက်လွှာ (၂၁) စောင် လက်ခံရရှိခဲ့ကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က သတင်းထုတ်ပြန်

စင်ကာပူတွင် ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ၃၁- ၁၂- ၂၀၁၉ ရက်နေ့၌ နောက်ဆုံးပိတ်သိမ်းခဲ့ပြီးနောက် လျှောက်လွှာစုစုပေါင်း (၂၁) စောင် လက်ခံရရှိခဲ့ကြောင်းနှင့် အောင်မြင်သောလျှောက်လွှာရှင်များကို ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ၇ - ၁ - ၂၀၂၀ ရက်နေ့တွင် ပြောကြားပါသည်။

လက်ခံရရှိခဲ့သော လျှောက်လွှာ (၂၁) စောင်အနက် လျှောက်လွှာ (၇) စောင်သည် အလုံးစုံဝန်ဆောင်မှုပေးသောဒီဂျစ်တယ်ဘဏ် (Digital Full Bank) လုပ်ငန်းလိုင်စင်ကို လျှောက်ထားခြင်းဖြစ်ပြီး၊ ကျန်လျှောက်လွှာ (၁၄) စောင်မှာ လက်ကားဒီဂျစ်တယ်ဘဏ် (Digital Wholesale Bank) လုပ်ငန်းလိုင်စင်ကို လျှောက်ထားခြင်းဖြစ်ပါသည်။ အလုံးစုံဝန်ဆောင်မှု ပေးသောဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်ရရှိပါက ဖောက်သည်များထံမှ အပ်ငွေများ လက်ခံ ဆောင်ရွက်ခွင့်ရှိပြီး၊ လက်ကားဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင်သည် အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အခြားလက်လီလုပ်ငန်းမဟုတ်သောကဏ္ဍများအတွက် ဝန်ဆောင်မှုပေးရ မည်ဖြစ်ပါသည်။

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် အလုံးစုံဝန်ဆောင်မှုပေးသော ဒီဂျစ်တယ် ဘဏ်လုပ်ငန်းလိုင်စင် (၂) ခုနှင့် လက်ကားဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင် (၃) ခု စုစုပေါင်း ဒီဂျစ်တယ်ဘဏ်လုပ်ငန်းလိုင်စင် (၅) ခုကိုသာ လုပ်ကိုင်ခွင့်ပေးအပ်သွားမည်ဖြစ်သည့်အတွက် လျှောက်ထားသူ(၅) ဦးသာ လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ် မဟုတ်သောလုပ်ငန်းများက ပါဝင်ဆောင်ရွက်လာနိုင်သော ကြီးမားသောအပြောင်းအလဲကြီးတစ်ခု ဖြစ်သောကြောင့် လိုင်စင်လျှောက်ထားမှုကို အီလက်ထရောနစ်ကုန်သွယ်ရေးလုပ်ငန်းများ၊ နည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးဆိုင်ရာနည်းပညာလုပ်ငန်းများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ စသည့် လုပ်ငန်းအမျိုးမျိုးက လျှောက်ထားခဲ့ကြောင်းနှင့် လျှောက်ထားသူ အများစုမှာ အကျိုးတူပူးပေါင်းသည့်လုပ်ငန်းစုများ ဖြစ်ပါကြောင်း သိရှိရပါသည်။

လျှောက်လွှာများကို အကဲဖြတ်ရွေးချယ်ရာတွင် ဖောက်သည်များ၏ လိုအပ်ချက်များအပေါ် နည်းပညာများအသုံးပြု၍ တီထွင်ဖန်တီးကာ ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ခြင်း၊ ရေရှည် တည်တံ့သောလုပ်ငန်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ခြင်း၊ စင်ကာပူ၏ ငွေရေးကြေးရေးဗဟိုဌာန ဖြစ်မှုအပေါ် ပံ့ပိုးပေးနိုင်ခြင်း စသည့် အချက်များကို အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသော ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများသည် ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် လုပ်ငန်း များ စတင်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်မှန်းထားကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာ ပိုင်က ပြောကြားပါသည်။ သတင်းရင်းမြစ် ။ ။ စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်